မြန်မာ Burmese

# သက်ကြီးနိုင်ငံကူးပြောင်းလာသူ ပညာရေးအစီအစဉ် (AMEP) စာသင်သား၏ အခွင့်အရေးများနှင့် တာဝန်များ

## သင်၏အခွင့်အရေးများ

သင်၏ AMEP ဝန်ဆောင်ရှင်အဖြစ် ကျွန်ုပ်တို့မှ လုပ်ပေးမည်မှာ၊

- ဩစတြေးလျားနိုင်ငံ၌ သင်၏အခြေကျရေးကို ထောက်ကူရန်အလို့ငှာ သင့်အား အဆင့်အတန်းမြင့်သော အင်္ဂလိပ်စာလေ့ကျင့်ပေးခြင်း၊ လမ်းညွှန်ပေးခြင်းနှင့် ကူညီပေးခြင်း
- လုံခြုံမှုရှိပြီး အထောက်အကူပေးမှုရှိသော စာသင်ကြားရာပတ်ဝန်းကျင်တစ်ခုအပြင် သင့်လျော်သည့်ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိကြသော ဝန်ထမ်းများကို ထားရှိပေးခြင်း
- သင်၏စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို အလေးထားပြီး ၎င်းတို့ကို မဆိုင်းမတွ တုံ့ပြန်ဖြေကြားခြင်း
- သင့်အား တရားမျှတစွာ၊ လေးစားစွာနှင့် သင့်ယဉ်ကျေးမှုဓလေ့ထုံးစံကို သိတတ်စွာဆက်ဆံခြင်း
- သင်၏လိုအပ်ချက်များ၊ ကျွမ်းကျင်မှုများ၊ ရည်မှန်းချက်များနှင့် ကိုယ်ရေးကိုယ်တာအခြေအနေများတို့အပေါ်မူတည်၍ သင်နှင့်အတူ ကိုယ်ပိုင်သီးခြား စာသင်ကြားရေးလမ်းကြောင်းတစ်ရပ်ကို ဖေါ်ထုတ်စီစဉ်ခြင်း
- သင့်အား အခြေကျရေးနှင့် အခြားသောကူညီထောက်ပံ့ဝန်ဆောင်မှုများရရှိရေးတို့အတွက် ရည်ညွှန်းပေးခြင်းအပြင်၊ သင်နှင့်သက်ဆိုင်မှုရှိသော AMEP ပြီးဆုံးသည့်နောက်ပိုင်းလမ်းကြောင်းများနှင့် ပတ်သက်ပြီး လမ်းညွှန်ပေးခြင်း
- သင် AMEP အတန်းများသို့တက်ရောက်နေခိုက် သင်၏ (ကျောင်းသွားအရွယ်မမီ) ကလေးများအတွက် သင်၏ယဉ်ကျေးမှုနှင့် အပ်စပ်ခြင်းရှိသော အခမဲ့ကလေးထိန်းကို စီစဉ်ပေးခြင်း
- သင် AMEP ထံမှအကျိုးအမြတ်အရှိဆုံးအတွေ့အကြုံရရှိရေးကို အားပေးခြင်း

## သင်၏တာဝန်များ

AMEP ဝန်ဆောင်မှုရရှိသူတစ်ဦးအဖြစ် သင့်ထံမှမျှော်မှန်းသည်မှာ၊

- အတန်းများကိုတက်ပြီး အတန်း၌ပါဝင်ဆင်နွှဲခြင်း၊ အိမ်စာကိုပြီးပြတ်အောင်လုပ်ခြင်းနှင့် သင့်စာသင်ကြားမှုအတွက်တာဝန်ယူခြင်း
- မည်သည့်အကြောင်းကြောင့်မဆို အတန်းကိုမတက်နိုင်လျှင် သင်၏ AMEP ဆွေးနွေးတိုင်ပင်သူအားဆက်သွယ်ခြင်း
- အကယ်၍သင်သည် AMEP မှနုတ်ထွက်ရန်ရည်ရွယ်လျှင် ကျွန်ုပ်တို့အား အသိပေးခြင်း
- ဆရာ၊ ဆရာမများ၊ AMEP ဆွေးနွေးတိုင်ပင်သူများ၊ သင်တန်းသားအဖေါ်များနှင့် အခြားသူများတို့အား တရားမျှတစွာ၊ လေးစားစွာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံကို သိတတ်စွာဆက်ဆံခြင်း
- သင်၏ ကိုယ်ပိုင်လမ်းကြောင်းလမ်းညွှန် (Individual Pathway Guide)၌ ဖေါ်ပြသတ်မှတ်ထားသည့် အဆင့်ဆင့်များကို လိုက်နာပြီး၊ အကယ်၍သင့်အနေနှင့် ပြောင်းလဲမှုတစ်ခုခုကိုပြုလုပ်ရန်ဆန္ဒရှိပါက သင်၏ AMEP ဆွေးနွေးတိုင်ပင်သူအားအကြောင်းကြားပါ
- ကျောင်းသူကျောင်းသားဆိုင်ရာ မူဝါဒများနှင့် ကျင့်ထုံးများအတိုင်း ကျင့်ကြံပြုမူပါ